## ယုတ္တိမှန်နှင့် ဇာတ်အိမ်ဖွဲ့ထားသော သူရဲကောင်းဝတ္ထု

(အောင်ဗလ)

စာရေးဆရာ အဲလက်စတဲယားမက်ကလင်းကို နဗားရွန်း အမြောက်ကြီးများ ဝတ္ထုမှ စတင်သိခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဝင်ရိုးတန်းနိုင်ငံ အင်အားစုများနှင့် မဟာမိတ်အင်အားစုများ လက်နက်ပြိုင် ဉာဏ်ပြိုင်ကြရာ၌ မဟာမိတ် အင်အားစုမှ သူရဲကောင်းတစ်ဦး၏ လှုပ်ရှားမှုကို အသဲတဖိုဖို ရင်တထိတ်ထိတ် ဇာတ်လမ်းဖွဲ့ထားသည်။

စစ်အတွင်းက သူကိုယ်တိုင် ပါဝင်လိုက်ပါခဲ့သော စစ်သင်္ဘောကြီး တစ်စင်း၏ ဇာတ်လမ်းကို ဝတ္ထုအဖြစ် ရေးသားရာမှ ကမ္ဘာကျော်ခဲ့ပြီးနောက် နဗားရွန်းအမြောက် ဝတ္ထုကို ဆက်၍ ရေးသားသည်ဟု ဆို၏။

ယင်းနောက်ပိုင်းတွင် စိတ်ကူးဖြင့်ဖွဲ့ဆိုသော ဝတ္ထုကြီးအများကို ရေးခဲ့သည်။ (၁၉၇၅)ခုနှစ်က ရေးသားခဲ့သော ဝတ္ထုမှာ ကွန်မြူနစ်နိုင်ငံအတွင်းသို့ လျှို့ဝှက်ဝင်ရောက် လှုပ်ရှားမှုကို ဇာတ်လမ်းဆင်ထားသည့် **ဆပ်ကာပ်** အမည်ရှိ ဝတ္ထုဖြစ်သည်။

**ဆပ်ကာပ်**ဝတ္ထုအထိ သူရေးခဲ့သော ဝတ္ထုရှည် (၁၈)ပုဒ် ရှိပြီဖြစ်ရာ၌ ဝတ္ထု ဇာတ်ကွက်တို့မှာ စုံလင်လှသည်။ စစ်အတွင်းက စွန့်စားခန်းမှ စစ်ပြီးခေတ် စစ်အေး သူလျှို စွန့်စားခန်းများသို့ ပြောင်းလဲရေးခဲ့သည်။ ထို့ပြင် ယခုခေတ် ဓားပြမှုအကြောင်းကိုလည်း ၁၉၇၆ ခုနှစ်တွင် **The Golden Gate** အမည်နှင့်



ရေးခဲ့သည်။ ယခု အသည်းကွဲတောင်ကြားဝတ္ထုမှာ အမေရိကန်ပြည် တည်ထောင်စ ကာလက နွားကျောင်းသားများ၊ လူနီများအပေါ် အမြတ်ထုတ်သော လူဖြူလူဆိုးများတို့၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ထားသည်။

လူဟူသည်မှာ အစွမ်းအစအရှိဆုံး သတ္တဝါ ဖြစ်သည်။ ခွန်အားအရာ၌ တိရစ္ဆာန်များထက် သာလှချည့် မဟုတ်သော်လည်း ဉာဏ်အစွမ်းအရာမှာ အကန့်အသတ်မရှိ သာလွန်သည်။ လူချင်းအတူတူတွင်လည်း ဤလောက၌ ဉာဏ်စွမ်းထက်သူက သာမန်လူများထက် ချွန်ရစမြဲ ဖြစ်သည်။ သူရဲကောင်းတို့သည် ကာယစွမ်းအားရော ဉာဏစွမ်းအားပါ အစွမ်းထက်သူများ ဖြစ်ကြသည်။ စစ်မြေပြင်များ၊ တိုက်ပွဲများ၊ ပဋိပက္ခများ စသည်တို့တွင် ဉာဏ်စွမ်းထက်သူတို့၏ လှုပ်ရှားအားထုတ်မှုတို့ဖြင့် အောင်လံဝင့်လေ့ ရှိစမြဲ ဖြစ်သည်။ အဲလက်စတဲယား မက်ကလင်းက ယင်းသို့သော သူရဲကောင်းတို့ကို ဇာတ်အိမ်ဖွဲ့ကာ သူ၏ဝတ္ထုများ၌ လှုပ်ရှားရုန်းကန်စေလေ့ ရှိသည်။ ရုန်းကန်သူတို့အဖို့ တိုက်ပွဲတစ်ခုပြီး တစ်ခု၊ ပဋိပက္ခတစ်ခုပြီး တစ်ခု၊ အခြေအနေ တစ်ရပ်ပြီး တစ်ရပ်တို့ကို ဆက်တိုက် လှုပ်ရှားရသည်ကို စာဖတ်ပရိသတ် မရိုးနိုင်အောင် သရုပ်ဖော်လေ့ရှိသည်။ ကမ္ဘာပေါ်၌ ပုံပြောအကောင်းဆုံး ပုဂ္ဂိုလ်များတွင် တစ်ဦး ဖြစ်သည်ဟု ကမ္ဘာစာပေ လောက,က သူ့ကို ချီးကျူးထားသူ ဖြစ်သည်။

ယခု **အသည်းကွဲတောင်ကြား** ဝတ္ထုမှာ သူရဲကောင်းတစ်ဦးက အင်အားကြီးသော လူနီအုပ်စု၊ အင်အားကြီးသော လူဖြူလူဆိုးအဖွဲ့၊ အင်အားကြီးသော အစိုးရအဖွဲ့မှ လက်နက်ကုန်သည်အုပ်စု တည်းဟူသော အုပ်စုကြီးသုံးခုကို တစ်ကိုယ်တော် တိုက်ခိုက်သော ဇာတ်လမ်း ဖြစ်သည်။

တစ်ကိုယ်တော်က အုပ်စုကြီးသုံးရပ်ကို တိုက်ခိုက်သည် ဆိုသော်လည်း တိုက်ပွဲတို့မှာ မဖြစ်နိုင်သော တိုက်ပွဲမျိုး မဟုတ်။ အင်အားကြီးသူတို့ကို ဦးနှောက်နှင့် တိုက်ခိုက် အနိုင်ယူရပုံကို ယုတ္တိရှိရှိ ရေးသားသွားသည်။ 'တစ်ယောက်ကောင်းလျှင် တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ' ဟု မြန်မာစကားပုံမှ တစ်ယောက်ကောင်း စွမ်းအားမျိုး ဖြစ်သည်။ မြန်မာသမိုင်း၌လည်း ဤသို့ လူစွမ်းကောင်းတို့က တစ်ကိုယ်တော် တစ်ယောက်ကောင်း လူစွမ်းပြခဲ့သော အဖြစ်အပျက်အများ ရှိပါသည်။

ယင်းကဲ့သို့ ယုတ္တိမှန်နှင့် ဇာတ်အိမ်ဖွဲ့ထားသော သူရဲကောင်းဝတ္ထုကို ဘာသာပြန်သူတို့က မြန်မာဘာသာဖြင့် ထိမိအောင် ပြန်ဆိုထားသည်ကို တွေ့ရှိရပါကြောင်း။

အောင်ဗလ